ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အမိန့်အမှတ် ၅ / ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ် ၊ မတ်လ ၁၄ ရက်)

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်-

## ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဧည့်လမ်းညွှန်** ဆိုသည်မှာ ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တလျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ စီစဉ်ဆောင်ရွက်ပေးသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်သူများ ပါဝင်ခြင်း မရှိစေရ-

(၁) ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးသည် ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်အရ လုပ်ငန်းရုံးစိုက်ရာဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် လုပ်ငန်းရုံးစိုက်ရာဒေသအတွင်း ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေး အတွက် ဆောင်ရွက်ပေးခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ လူမှုရေးအရ မိမိ၏ ဆွေမျိုး မိတ်ဆွေ မိတ်သင်္ဂဟ တစ်ဦးဦးအား မိမိနေထိုင်ရာဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် မိမိနေထိုင်ရာ ဒေသအတွင်း ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း။

(ခ) **ဒေသဆိုင်ရာဧည့်လမ်းညွှန်** ဆိုသည်မှာ သတ်မှတ်ထားသော နယ်မြေဒေသအတွင်း ခရီးသည်များအား လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ စီစဉ်ဆောင်ရွက်ပေးသူကို ဆိုသည်။

(ဂ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသော ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကိုဆိုသည်။

၂။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားသူသည်-

(က) အသက် (၂၀) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) နိုင်ငံခြားဘာသာစကားတစ်ခုခုကို ကောင်းစွာတတ်ကျွမ်းသူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနမှ ဖွင့်လှစ်သော ဧည့်လမ်းညွှန်သင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဆ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ။

၃။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်လွှာ၊

(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊

(ဃ) ဧည့်လမ်းညွှန်သင်တန်းဆင်း အောင်လက်မှတ်မိတ္တူ၊

(င) လိုင်စင်လျှောက်ထားသူ၏ (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ(၂)ပုံ နှင့် ၁"x ၁" အရွယ် ရောင်စုံဓါတ်ပုံ (၂) ပုံ၊

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး နှင့် ရဲစခန်းထောက်ခံချက်။

၄။ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် လျှောက်ထားသူသည်-

(က) အသက် (၁၈) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ သို့မဟုတ် ယင်းအဆင့်နှင့် တူညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။

(ဂ) နိုင်ငံခြားဘာသာစကားတစ်ခုခုကို ကောင်းစွာတတ်ကျွမ်းသူဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာဒေသ၌ ဖွင့်လှစ်သော ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဆ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ။

၅။ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်လွှာ၊

(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊

(ဃ) သက်ဆိုင်ရာဒေသ၌ ဖွင့်လှစ်ခဲ့သော ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းဆင်း အောင်လက်မှတ်မိတ္တူ၊

(င) လိုင်စင်လျှောက်ထားသူ၏ (၆)လအတွင်းရိုက်ကူးထားသည့် ၁"x ၁"အရွယ်ရောင်စုံဓါတ်ပုံ(၂ )ပုံ၊

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး နှင့် ရဲစခန်းထောက်ခံချက်။

၆။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်ရက်မှ အလုပ်လုပ်ရက်(၂၀)ရက်အတွင်းစိစစ်၍ ဆုံးဖြတ်ချက်ကို လုပ်ငန်းလိုင်စင် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၇။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါ က သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ လိုင်စင်ပြန်လည် လျှောက်ထားပါ က သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ကြေးကို ပေးသွင်းရမည်။

၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်ရက်မတိုင်မီ ရက်ပေါင်း(၆၀)အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီထံ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက်ကျော်လွန်ပြီးမှ လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာပါက ထိုကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း ကျသင့်သည့် လိုင်စင် ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၀။ လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်အသစ်လဲလှယ်ကြေးကို ပေးသွင်းရမည်။

၁၁။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်အသစ်လဲလှယ်ခြင်းများအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ရက်ပေါင်း(၃၀)အတွင်း လိုင်စင်ကြေးပေးသွင်း၍ လုပ်ငန်းလိုင်စင်ကိုထုတ်ယူရမည်။ ယင်းကာလကျော်လွန်ပြီးမှ ထုတ်ယူပါကကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၂။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ၁-၉-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၃/၂၀၁၁၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အုန်းမောင်

ပြည်ထောင်စုဝန်ကြီး

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန